ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

အမိန့်ကြော်ငြာစာအမှတ်၊ ၂ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

## ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဇ)နှင့် ပုဒ်မ ၄၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၀ တွင် ဖော်ပြထားသည့် တားမြစ်ဓာတုပစ္စည်းများစာရင်းပါ အပိုဒ် ၅ ၌ ပါရှိသော အောက်ဖော်ပြပါ ဓာတုပစ္စည်းသုံးမျိုးသည် ပိုးသတ်ဆေးအဖြစ် သုံးစွဲခြင်းမပြုသော အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် ဓာတုပစ္စည်းများဖြစ်သဖြင့် ယင်းဓာတုပစ္စည်း(၃)မျိုးကို ပိုးသတ်ဆေးနှင့် အစားအသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများမှအပ အခြားစက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် အမိန့်ကြော်ငြာစာအမှတ် ၄ / ၂၀၂၀ ပါ တားမြစ်ဓာတုပစ္စည်းအဖြစ်မှ ပယ်ဖျက်၍ ကန့်သတ်ဓာတုပစ္စည်းအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်-

(က) Borax Decahydrate

(ခ) Mineral Oil

(ဂ) Boric Acid

၂။ အဆိုပါ ဓာတုပစ္စည်း( ၃ )မျိုးနှင့် စပ်လျဉ်း၍ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း လုပ်ကိုင်ရာတွင် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် အောက်ပါအချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်-

(က) အန္တရာယ်ကင်းရှင်းမှုအဆင့်မှတ်တမ်းလွှာ ( Material Safety Data Sheet - MSDS ) ရှိ Hazard Identification, First - aid Measures, Fire Fighting Measures, Measures for Accident (Accidental Release Measures), Handling and Storage နှင့် Exposure Control and Protection (Exposure Controls/ Personal Protection) များအား မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ခ) ဓာတုပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းနှင့် တံဆိပ်ကပ်ရာတွင် တစ်ကမ္ဘာလုံး ညီညွတ်သည့်စနစ် (Globally Harmonized System of Classification and Labeling of Chemicals ) ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်းကို မြန်မာဘာသာဖြင့် ဖော်ပြခြင်း၊

(ဂ) မှတ်ပုံတင်ခြင်း ပြုလုပ်ရာတွင် မိမိလုပ်ငန်းနှင့် ကိုက်ညီသော ပမာဏကိုသာ မှတ်ပုံတင်ထားပြီး ယင်းပမာဏထက် ကျော်လွန်၍ တင်သွင်းမှု မပြုခြင်း၊

(ဃ) အရေပြားနှင့် ထိတွေ့ခြင်း၊ ရှူရှိုက်မိခြင်း၊ မျိုချမိခြင်း၊ မျက်လုံးထဲသို့ဝင်ခြင်း၊ လေထုထဲသို့ ပျံ့နှံ့ရောက်ရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများ ပြုလုပ်ထားခြင်း၊

(င) အသုံးပြုနေစဉ်အတွင်း ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာများကို ဝတ်ဆင်အသုံးပြုခြင်း၊

(စ) အသုံးပြုရာမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား (ကွန်တိန်နာဗူးများအပါအဝင်) စွန့်ပစ်ရာတွင် စွန့်ပစ်ခြင်းပြုသည့်လုပ်ငန်း ( Waste Treatment Facility) များသို့ ပေးပို့သော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/စမရ(၄-၃) /၂၀၂၁ (၁၀၈)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်